# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 9 , 2022 Volume 60, Number 6

| ၉.၁၁.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၁၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၀၀၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၁၃.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၀၂.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၁၆.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၅.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၀၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၈၁၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၈၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၇.၄၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၁၀၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်ပနိုင်ငံများသို့ စေလွှတ်မည့် စီးပွားရေးသံမှူးများနှင့် တွေ့ဆုံလမ်းညွှန်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြား



https://www.commerce.gov.mm

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်၊ (၁၀:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၁) ၌ ကျင်းပပြုလုပ်ခဲ့သည့် ပြည်ပနိုင်ငံများသို့ စေလွှတ်မည့် စီးပွားရေးသံမှူးများနှင့် တွေ့ဆုံလမ်းညွှန်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်အမှာစကား ပြောကြားရာတွင် ပြည်ပနိုင်ငံများသို့စေလွှတ်မည့် စီးပွားရေးသံမှူးများအား စနစ်တကျရွေးချယ် လေ့ကျင့်ထားခြင်းဖြစ်သည်နှင့်အညီ တစ်ဦးချင်းစည်းကမ်းရှိ၍ ဂုဏ်သိက္ခာထိန်းသိမ်းပြီး တာဝန်ထမ်းဆောင်ကြရန်၊ မိမိတို့ သွားရောက်တာဝန်ထမ်းဆောင်မည့်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရေး သန္နိဋ္ဌာန်ချမှတ်၍ ကြိုးစားဆောင်ရွက်သွားကြရန်နှင့် စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့များနှင့် ချိတ်ဆက်ပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကဏ္ဍနယ်ပယ်အလိုက် နိုင်ငံအတွက်အကျိုးရှိ၍ လက်တွေ့အသုံးချနိုင်မည့် အစီရင်ခံစာများ၊ သတင်းအချက်အလက်များ ပြုစုပေးပို့ကြစေလိုကြောင်း မှာကြားခဲ့သည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ပနိုင်ငံများသို့ စေလွှတ်မည့် စီးပွားရေးသံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

Source: https://www.commerce.gov.mm/my/article/% E1%80%94%E1%80%B1% E1%80%AC%E1%80%80%E1%80%BA%E1%80%86%E1%80%AF%E1%80%B6%E1 % 80%B8

## ဈေးကွက်ပျက်လို့အရင်နှစ်ကယာယီရပ်ခဲ့ရတဲ့ ကဏန်းပျော့မွေးမြူရေးယခုနှစ်ထဲပြန်လုပ်ကိုင်လာ

အရင်နှစ်ကတော့ ဈေးကွက်ပျက်ပြီး အရှုံးပေါ်ခဲ့တာမို့ ရေဝတီတိုင်း ဖျာပုံဒေသက ကဏန်းပျော့ မွေးမြူရေးလုပ်ငန်းတွေ ယာယီရပ်နားခဲ့ရပါတယ်။ ယခုနှစ်မှာတော့ ပုံမှန် ပြန်လည်ပတ်လာတဲ့ ဈေးကွက်အနေအထားကြောင့် ကဏန်းပျော့

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com



Source: Myanmar Future News

မွေးမြူတဲ့လုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်လာကြတယ်လို့ ဖျာပုံမြို့နယ်ကဏန်းပျော့မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ဆိုပါတယ်။

"အရင်နှစ်က ကဏန်းပျော့မွေးမြူတာ အတော်ထိခိုက်ပြီး အရှုံးပေါ်ခဲ့တယ်။ ဒါကြောင့် ရပ်နားခဲ့ရတယ်။ ယခုတော့ ဈေးကွက်ကောင်းပြီး ဈေးကွက်ပြန်ပွင့်လာပြီမို့ ပြန်မွေးကြတာပေါ့"လို့ ၄င်းကဆိုထားပါတယ်။ ဖျာပုံဒေသအတွက် ကဏန်းပျော့မွေးမြူတဲ့ လုပ်ငန်းတွေဟာ လွန်ခဲ့တဲ့ ၂၀၂၁ ခုနှစ်မှာတော့ ဈေးကွက်ပျက်တဲ့အထိ ဖြစ်ခဲ့ရတာပါ။ ယခုနှစ် အတွက်တော့ ဝယ်လက်တွေနဲ့ပါ ပြန်လည်ချိတ်ဆက်ထားနိုင်ပြီလို့ သိရပါတယ်။ လက်ရှိဖျာပုံမြို့နယ်မှာတော့ ကဏန်းပျော့လုပ်ငန်းကို ပြန်လည်လုပ်ကိုင်လာတဲ့ မွေးမြူရေးလုပ်ငန်းရှင် ၄၉ ဦး အထိရှိလာပြီး တစ်ဦးလျှင် ကန် ၁ ကန်မှ ၁၀ ကန်အထိ အများဆုံးပြန်လည်မွေးမြူလာတာပါ။

လက်ရှိ မွေးမြူရတဲ့အခြေအနေအရတော့ မွေးမြူရေးကုန်ကျစရိတ်အားဖြင့် ကန်တစ်ကန်စာလျှင် ငွေကျပ် ၇ သိန်းမှ ၁၂ သိန်း အထိရှိတယ်လို့ သိရပါတယ်။ ဒါဟာအရင်နှစ်ထက် ကုန်ကျစရိတ် ပိုများလာချေရှိနေပေမယ့် ဈေးကွက်ပြန်လည်ကောင်းမွန်လာပြီမို့ တွက်ချေကိုက်နိုင်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ မြန်မာဒေသထွက်ကဏန်းကို ပြည်ပတင်ပို့ခွင့်ရကုမ္ပဏီပေါင်း ၈၀ ကျော် အထက်မှာရှိနေပြီး နှစ်စဉ်တန်ချိန်ပေါင်း ထောင်ချီကိုတင်ပို့နေတာပါ။

Source: **Myanmar Future News**

## တရုတ်နိုင်ငံမှ အာလူးများ မြန်မာနိုင်ငံသို့ စတင်ဝင်ရောက်လာ

တရုတ်နိုင်ငံမှ အာလူးများ မြန်မာနိုင်ငံသို့ စတင်ဝင်ရောက်လာကြောင်း တရုတ်နိုင်ငံ အာဘော်သတင်းဌာနတစ်ခုဖြစ်သည့် ပေါက်ဖော်တွင် ရေးသားဖော်ပြထားသည်။

“မကြာသေးမီက လန်ကျိုးအကောက်ခွန် လက်အောက်ရှိ ကျင်းချိန်အကောက်ခွန်မှ စစ်ဆေးသူသည် ဗီဒီယိုကွန်ဖရင့်ဆက်သွယ်ပုံစံဖြင့် ၎င်းဒေသထွက် တန်ချိန်ပေါင်း ၃၅၀ တန်ရှိသော အာလူးများကို ဒေသတွင်း စစ်ဆေးအောင်မြင်ပြီးနောက် စစ်ဆေးမှုပြီးစီးကြောင်း ဒစ်ဂျစ်တယ်ပြေစာကို ပို့ဆောင်ခြင်းပုံစံဖြင့် ၎င်းအသုတ်အာလူးများကို အဆင်ပြေချောမွေ့စွာ တင်ပို့နိုင်ခဲ့ကြောင်း အောက်တိုဘာ ၂၄ ရက်နေ့တွင် သတင်းထောက်က လန်ကျိုးအကောက်ခွန်ထံမှ သိရှိရသည်။ ၎င်းသည် မြန်မာနိုင်ငံဈေးကွက်သို့ ပထမဆုံး တင်ပို့သော ကမ်းစုအာလူးများဖြစ်သည်” ဟု ပေါက်ဖော်သတင်းဌာနတွင် ရေးသားဖော်ပြထားသည်။

ဒေသတွင်း ကိုဗစ်ကပ်ရောဂါ ဖြစ်ပွားနေမှုကြောင့် ကျင်းချိန်အကောက်ခွန်သည် ဗီဒီယိုကွန်ဖရင့် ဆက်သွယ်ပုံစံဖြင့် အာလူးတင်ပို့မှုဆိုင်ရာ လုပ်ဆောင်ချက်များကို ဒေသတွင်းစစ်ဆေးမှုများ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းရှင်များအတွက် တင်ပို့မှုကို အာမခံကာ အော်ဒါများကို အချိန်မီ တင်ပို့ပေးနိုင်ခဲ့သည်ဟု ဆက်လက်ရေးသားထားသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံသို့တင်ပို့ခဲ့သည့် အာလူးများနှင့် ပတ်သက်ပြီး အသေးစိတ် ရေးသားထားခြင်းမရှိသည်ကို တွေ့ရသည်။

Source: https://news-eleven.com/article/240096

## တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမှ ထိုင်းနိုင်ငံ ရနောင်းသို့ ယခုဘဏ္ဍာနှစ် ခုနှစ်လတာ ကာလအတွင်း ရေထွက်ကုန် မက်ထရစ်တန်ချိန် တစ်သိန်းနီးပါး တင်ပို့ပြီးဖြစ်

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်း FOB စစ်ဆေးရေးဂိတ်မှ ထိုင်းနိုင်ငံ ရနောင်းသို့ ယခုဘဏ္ဍာနှစ် ခုနှစ်လတာ ကာလအတွင်း ရေထွက်ကုန် မက်ထရစ်တန်ချိန် တစ်သိန်းနီးပါး တင်ပို့ပြီးဖြစ်ကြောင်း ကော့သောင်း ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးတင်ထွဋ်၏ ပြောကြားချက်အရ သိရသည်။

၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ခုနှစ်လတာ ကာလအတွင်း ငါးသယ်လှေ ၂၈၂၈ စင်းဖြင့် ငါး၊ ပုစွန်နှင့် တခြားရေထွက်ကုန် မက်ထရစ်တန်ချိန် ၉၉၁၈၅ ဒသမ ၇၇၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆၀၉၈၉၅၈၃ ဒသမ ၁၉၁ ဒေါ်လာနှင့် ဘတ် ၁၆၃၆၂၁၇၀၃၀ ဒသမ ၆၅ ဘတ် ရရှိခဲ့သည်။

ယခုဘဏ္ဍာနှစ် ခုနှစ်လတာ ကာလအတွင်း ကော့သောင်း FOB စစ်ဆေးရေးဂိတ်မှ ပြည်ပတင်ပို့မှုအနေဖြင့် ငါး မက်ထရစ်တန်ချိန် ၉၁၉၇၈ ဒသမ ၄၄၉ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၇၁၆၂၂၀၇ ဒသမ ၁၄၅ ဒေါ်လာနှင့် ဘတ် ၁၃၄၄၂၆၉၅၈၆

ဒသမ ၅၅၈ ဘတ် ရရှိထားကြောင်း၊ ပုစွန် မက်ထရစ်တန်ချိန် ၆၈၀ ဒသမ ၆၇၈ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၉၆၀၇၀၂ ဒသမ ဝ၆၆ ဒေါ်လာနှင့် ဘတ် ၃၃၂၉၃၁၁ ဒသမ ဝ၁၉ ဘတ်ရရှိထားကြောင်း၊ တခြားရေထွက်ကုန် မက်ထရစ်တန်ချိန် ၆၅၂၆ ဒသမ ၆၄၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၁၈၆၆၆၇၃ ဒသမ ၉၈ ဒေါ်လာနှင့် ဘတ် ၂၅၈၇၁၈၁၃၃ ဒသမ ဝ၆၉ ဘတ် ရရှိသည့်အတွက် ရေထွက်ကုန်စုစုပေါင်း မက်ထရစ်တန်ချိန် ၉၉၁၈၅ ဒသမ ၇၇၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆၀၉၈၉၅၈၃ ဒသမ ၁၉၁ ဒေါ်လာနှင့် ဘတ် ၁၆၃၆၂၁၇၀၃၀ ဒသမ ၆၅ ဘတ် ရရှိခဲ့ကြောင်း သိရသည်။

ငါးဖမ်းရာသီတွင် ငါးရရှိမှုပေါ်မူတည်ပြီး ကောင်းသောင်းမှုရနေခြင်းသို့ တစ်ရက်လျှင် ငါးသယ်လှေ ၂၆ စင်းဖြင့် ငါး၊ ပုစွန်နှင့် တခြားရေထွက်ကုန်များ တင်ပို့ရာ အဆိုပါကာလအတွင်း ငါးသယ်လှေ ၂၈၂၈ စင်းဖြင့် ငါး၊ ပုစွန်နှင့် တခြားရေထွက်ကုန်များဖြစ်သော ကျောက်ပုစွန်၊ ကင်းပုစွန်၊ ကဏန်း၊ ခရု၊ ယောက်သွား၊ ခုံး၊ ကင်းမွန်၊ ရေဘဝဲ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငါးဆားနယ် စသည့် ရေထွက်ကုန်များကို တင်ပို့ခဲ့ကြောင်း သိရသည်။

Source: https://www.myawady.net.mm/node/32559

## ရှမ်းပြည်နယ်မှထွက်ရှိသည့် အော်ဂဲနစ်လက်ဖက်ခြောက်များကို ဂျာမနီအပါအဝင် ဥရောပဈေးကွက်များသို့တင်ပို့လျက်ရှိ


https://www.myawady.net.mm/node/32541

ရှမ်းပြည်နယ်မှ ထွက်ရှိသည့် လက်ဖက်အစိုနှင့် လက်ဖက်အခြောက်များကို ပြည်တွင်းဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး အော်ဂဲနစ်လက်ဖက်ခြောက်များကို ဂျာမနီအပါအဝင် ဥရောပဈေးကွက်သို့ အနည်းငယ်တင်ပို့လျက်ရှိရာ ဈေးကွက်အတွင်း ကြိုက်နှစ်သက်မှုရှိ၍ နေရာရလာကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ကမ္ဘောဇကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တာဝန်ခံ ဦးစောဝင်းကျော်၏ ပြောကြားချက်အရ သိရသည်။

ရှမ်းပြည်နယ်အတွင်းရှိ ကျောက်မဲ၊ နမ့်စန်၊ ပင်းတယ၊ ပင်လောင်း၊ မိုင်းကိုင်၊ မိုင်းရှူးစသည့်မြို့နယ်များ၌ လက်ဖက်ကို အဓိကစိုက်ပျိုးပြီး ထွက်ရှိသည့် လက်ဖက်အစိုနှင့် လက်ဖက်အခြောက်များကို ပြည်တွင်းဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ပြည်တွင်းဈေးကွက်အနေနဲ့ လက်ဖက်အစို၊ လက်ဖက်အခြောက် ဈေးကွက်ရှိတယ်။ အော်ဂဲနစ်နဲ့ ပတ်သက်ပြီးတော့ ပင်းတယမြို့နယ်ဘက်ကနေ တင်ပို့နေတာရှိတယ်။ ဘလက်တီးတို့၊ ဂရင်းတီးတို့ကို ဥရောပဈေးကွက်ကို တင်ပို့နေတယ်။ သိပ်အများကြီးတော့ မဟုတ်ဘူး။ အဓိကကတော့ ဂျာမနီဈေးကွက်ကို တင်ပို့တာများပါတယ်"ဟု ဦးစောဝင်းကျော်က ပြောသည်။

ထို့ပြင် လက်ဖက်အစိုများကိုလည်း ကောင်းမွန်သော ထုပ်ပိုးမှုစနစ်ဖြင့် အမေရိကန်၊ အင်္ဂလန်စသည့်နိုင်ငံများသို့ အနည်းငယ် စမ်းသပ်တင်ပို့လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် လက်ဖက်ကို ရှမ်းပြည်နယ်၌ အဓိကစိုက်ပျိုးပြီး ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့၌လည်း အနည်းငယ် စိုက်ပျိုးလေ့ရှိသည်။ မြန်မာ့လက်ဖက်စိုက်ပျိုးရာတွင် ဓာတုဓာတ်မြေသြဇာ သုံးစွဲမှုမရှိဘဲ မိရိုးဖလာနည်းဖြင့် စိုက်ပျိုးကြသည့်အတွက် ရှမ်းပြည်နယ်မှထွက်ရှိသည့် လက်ဖက်များကို ဈေးကွက်အတွင်း ကြိုက်နှစ်သက်မှု များပြားကြောင်း သိရသည်။

Source: https://www.myawady.net.mm/node/32541

## ဝါးကိုအခြေခံ၍ မြန်မာ့ရိုးရာအသုံးအဆောင်များ လုပ်ကိုင်ရောင်းချလျက်ရှိ

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ကားယားကျေးရွာ၌ မြန်မာ့ရိုးရာဝါးပတ် ဦးထုပ်လုပ်ငန်း၊ ဇီးခင်ကျေးရွာ၌ ဝါးနီးဖြင့် အလှထား အိမ်အသုံးအဆောင်များ ရက်လုပ် သည့်လုပ်ငန်းနှင့် ဇေယျာဝတီမြို့ လင်းယောခင်ကျေးရွာ၌ မိရိုးဖလာ ဝါးတောင်း၊ ဆန်ကော ဆန်ခါ ရက်လုပ်သည့်လုပ်ငန်းတို့ကို လုပ်ကိုင်ရောင်းချရာ ဝင်ငွေနည်းသော်လည်း ဈေးကွက်ဝင်ခြင်းကြောင့် ဆက်လက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။



https://www.myawady.net.mm/node/32544

မြန်မာ့ရိုးရာ ဝါးပတ်ဦးထုပ်လုပ်ကိုင်သူ ညောင်ကားယားကျေးရွာနေ ဦးမောင်မြင့်က "ကျွန်တော်တို့မိသားစုအနေနဲ့ ဝါးပတ်ဦးထုပ် လုပ်ကိုင်ခဲ့တာ ၁၆ နှစ်ရှိပါပြီ။ ဝါးပတ်တွေကို တိုက်ကြီးနဲ့ တောင်ငူဒေသတွေမှာ ဝယ်ရပါတယ်။ အမာခံအနေနဲ့ ဝါးခွေနဲ့ ချည်တွေကိုတော့ တောင်ငူနဲ့ ဖြူးမြို့ပေါ်မှာ ဝယ်ရတယ်။ ဝါးခမောက် ဦးထုပ်လုပ်တဲ့ အခါမှာ အဆင့်ဆင့်လုပ်ရပါတယ်။ ၃၅ ဆင့်ရှိတယ်။ ခမောက် ငါးမျိုးချုပ်ပါတယ်။ ကလေးဆောင်း၊ လယ်သမားကြီးချုပ်၊ ရိုးရိုးချုပ်၊ ရှယ်ချုပ်နဲ့နှစ်ထောင့်၊ လေးထောင့် ချုပ်တယ်။ ဖောက်သည်သွင်းဈေးကတော့ ရိုးရိုးချုပ်တစ်လုံးနှုန်းကို ငွေကျပ် ၁၀၀၀ သွင်းရပါတယ်။ ပြန်ရောင်းသူက ငွေကျပ် ၁၅၀၀ လောက် ပြန်ရောင်းပါတယ်" ဟုပြောသည်။

လင်းယောခင်ကျေးရွာသူ ဒေါ်အမာကြည်က "ကြသောင်းဝါးကို နှီးဖြာ၊ အခြောက်လှန်း၊ ကျုပ်ခိုးတိုက်ပြီး လေးပြည်ဝင်တစ်စိတ်တောင်း၊ ရှစ်ပြည်ဝင် ခွဲတောင်း၊ တင်းတောင်း၊ ခံတောင်း၊ ဈေးရောင်းတောင်းနဲ့ ဆန်ကောဆန်ခါတွေ လုပ်ပါတယ်။ ကျွန်မတို့က တင်းဝါးကို တောင်းအနားကွပ်ခွေအဖြစ် သုံးတာပါ။ ခိုင်ခံ့အောင် ကြိမ်နဲ့လည်း တုပ်ချည်ရတာရှိပါတယ်" ဟုပြောသည်။

လယ်ယာလုပ်ငန်းများတွင် အသုံးပြုမှုအများဆုံး ကြသောင်းဝါးကို နှီးဖြာပြီးရက်လုပ်သည့် ဝါးတောင်းဆန်ကောဆန်ခါသည် ဖေယျာဝတီမြို့ လင်းယောခင်ကျေးရွာတစ်ရွာလုံး ဘိုးဘွားလက်ထက်ကစ၍ ယနေ့ထိ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

Source: https://www.myawady.net.mm/node/32544

## အင်ဒိုနီးရှားနှင့်ထိုင်းနိုင်ငံတို့၏ QR စနစ်ဖြင့် ငွေပေးချေခြင်း အကောင်အထည်ဖော်ဆောင်ရွက်မှု အစီအစဉ် (အရှေ့တောင်အာရှနိုင်ငံများအကြား ဒီဂျစ်တယ်စနစ်အဆင့်မြင့်တင်ရေး အစီအစဉ်)

အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့သည် နိုင်ငံဖြတ်ကျော် QRစနစ်ဖြင့် ငွေပေးချေခြင်း အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံကြားရှိ စားသုံးသူများအနေဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ဝယ်ယူ/ရောင်းချခြင်းတို့အတွက် မိုဘိုင်းအပလီကေးရှင်းများမှတစ်ဆင့် ငွေပေးချေမှုများ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ယခုဆောင်ရွက်ချက်သည့် အရှေ့တောင်အာရှနိုင်ငံများအကြား ဒီဂျစ်တယ်စီးပွားရေး အဆင့်မြင့်တင်မှု သဘောတူညီချက်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများရှိ စားသုံးသူများအနေဖြင့် နိုင်ငံဖြတ်ကျော် ငွေပေးချေမှုများအား လွယ်ကူလျှင်မြန်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် QR စနစ်ဖြင့် ငွေပေးချေခြင်း အစီအစဉ်သည် ဒေသတွင်းနိုင်ငံများအကြား ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှုကို အားပေးရာရောက်ပြီး ဘဏ်စနစ်နှင့် မရင်းနှီးသေးသောသူများနှင့် ဘဏ်စနစ်ရင်းနှီးပြီးသောသူများအကြား များစွာအထောက်အပံ့ဖြစ်စေပါသည်။ အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် လွန်ခဲ့သောနှစ်မှစ၍ နိုင်ငံဖြတ်ကျော်၍ QR စနစ်ဖြင့် ငွေပေးချေမှု အစီအစဉ်အား အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

အင်ဒိုနီးရှားနိုင်ငံသားများအနေဖြင့် ထိုင်းနိုင်ငံရှိ ကုန်စည်နှင့်ဝန်ဆောင်မှုများ ဝယ်ယူ/ရောင်းချခြင်းတို့အတွက် ထိုင်းနိုင်ငံ QR Code အားဖတ်၍ ငွေပေးချေမှု ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အလားတူပင် အင်ဒိုနီးရှားနိုင်ငံရှိ ကုန်စည်နှင့်ဝန်ဆောင်မှုများ ဝယ်ယူ/ရောင်းချခြင်းများအတွက်လည်း QRIS မှတစ်ဆင့် ငွေပေးချေမှုများ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါ စနစ်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသော နည်းပညာကုမ္ပဏီပေါင်း (၇၆) ခုရှိပြီး ယခုထက် ပိုမိုများပြားလာမည်ဟုလည်း မျှော်မှန်းထားပါသည်။

အင်ဒိုနီးရှားဗဟိုဘဏ်သည် ထပ်မံ၍ စင်ကာပူ၊ မလေးရှားနိုင်ငံတို့နှင့်လည်း QR စနစ်ဖြင့် ငွေပေးချေမှု အစီအစဉ်အား စမ်းသပ်ဆောင်ရွက်လျက် ရှိပါသည်။ စင်ကာပူနိုင်ငံနှင့် ၂၀၂၃ ခုနှစ်တွင် စတင်သွားရန် ရည်ရွယ်ထားပြီးဖြစ်ကြောင်း၊ အလားတူပင် မလေးရှားနိုင်ငံတွင်လည်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလကတည်းက စတင်ခဲ့ပြီး ၂၀၂၂ ခုနှစ် ကုန်ဆုံးချိန်တွင် စတင်အသုံးပြုနိုင်ရန် မျှော်မှန်းထားပါသည်။

**အာဆီယံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာသဘောတူညီချက်**

နိုင်ငံဖြတ်ကျော် QR စနစ်ဖြင့် ငွေပေးချေမှုအစီအစဉ်သည် အာဆီယံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ သဘောတူညီချက်နှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများအကြား အီလက်ထရောနစ် ကုန်သွယ်မှု စနစ်အား ထောက်ပံ့ပေးနိုင်ရန်အပြင် ဒေသတွင်း ဒီဂျစ်တယ်စီးပွားရေးစနစ်အား အဆင့်မြှင့်တင်နိုင်ရန် ရည်ရွယ်ပါသည်။ ထို့ပြင် နိုင်ငံဖြတ်ကျော် QR စနစ်ဖြင့် ငွေပေးချေမှု အစီအစဉ်မှာလည်း ယင်းသဘောတူညီချက်၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုပင် ဖြစ်ပါသည်။

အရှေ့တောင်အာရှနိုင်ငံများအကြား အီလက်ထရောနစ် ကုန်သွယ်မှုစနစ်သည် ကမ္ဘာနှင့်အဝှမ်း ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း လျှင်မြန်စွာတိုးတက်လာခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် အင်တာနက်စီးပွားရေးမှ စုစုပေါင်း ကုန်သွယ်မှု ပေါင်း အမေရိကန်ဒေါ်လာ ၃၅၀ ဘီလီယံခန့်ရှိပြီး ၂၀၃၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ တစ်ထရီလီယံထိ တိုးမြှင့်လာနိုင်မည် ဖြစ်ပါသည်။ ဒီဂျစ်တယ် စားသုံးသူများနှင့် ကုန်သည်များ များပြားလာရခြင်းမှာ အွန်လိုင်းမှ အစားအစာများ မှာယူခြင်း လုပ်ငန်းနှင့် အီလက်ထရောနစ်ကုန်သွယ်မှုတို့ကြောင့် ဖြစ်ပါသည်။

**အရှေ့တောင်အာရှနိုင်ငံများ၏ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ အပေါ် QR စနစ် ဖြင့် ငွေပေးချေမှု မည်သို့ ပိုမိုခိုင်မာလာနိုင်ကြောင်း**

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းအများစုမှာ သာမန်မဟုတ်သည့် ကဏ္ဍတစ်ခုတွင် ရှိနေသည့် အားလျော်စွာ ဘဏ်စနစ်အား မရင်းနှီးသေးသောသူများဖြစ်စေ၊ ဘဏ်စနစ်အား ရင်းနှီးပြီးသောသူများဖြစ်စေ အဆိုပါ QR စနစ်ဖြင့် ငွေပေးချေမှုအစီအစဉ်မှာ အရှေ့တောင်အာရှနိုင်ငံများ၏ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် များစွာအထောက်အပံ့ ဖြစ်စေမည်ဖြစ်ပါသည်။ ဒေသတွင်းလူဦးရေ၏ ၅၀ ရာခိုင်နှုန်း (လူဦးရေ ၃၀၀ မီလီယံခန့်)မှာ ဘဏ်စနစ်အား မရင်းနှီးသေးသောသူများဖြစ်ပြီး ၂၄ ရာခိုင်နှုန်းခန့်မှာ ဘဏ်စနစ်ရင်းနှီးပြီးသူများဖြစ်ကြောင်း ခန့်မှန်းရရှိပါ သည်။

ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်မှာ အရှေ့တောင်အာရှနိုင်ငံများအကြား ကွဲပြားခြားနားလျက်ရှိပြီး စင်ကာပူနိုင်ငံမှာ ကမ္ဘာပေါ်တွင် ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှု အားအကောင်းဆုံး နိုင်ငံတစ်နိုင်ငံဖြစ်နေသည့် အချိန်တွင် ဗီယက်နမ်နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံ လူဦးရေ၏ ၆၅ ရာခိုင်နှုန်းနှင့် အင်ဒိုနီးရှားနိုင်ငံလူဦး၏ ၅၀ ရာခိုင်နှုန်းသည် ဘဏ်စနစ်မရင်းနှီးသေးသော သူများဖြစ်ပါသည်။

**အရှေ့တောင်အာရှနိုင်ငံများအကြား ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဆိုင်ရာ အခက်အခဲ အတားအဆီးများ ငွေသားသည်သာအဓိက**

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းအများစုမှာ သာမန်မဟုတ်သည့် ကဏ္ဍတစ်ခုတွင်ရှိပြီး အထူးသဖြင့် ကျေးလက်ဒေသများနှင့် လစာဝင်ငွေနိမ့်ပါးသည့် အဖွဲ့အစည်းများသည် လုပ်ခလစာများအား ငွေသားဖြင့်သာ ပေးချေလေ့ရှိ ပါသည်။ ဘဏ်စာရင်းမရှိသည့်အတွက် အရှေ့တောင်အာရှနိုင်ငံများရှိ လုပ်ငန်းများနှင့် ၎င်းတို့၏ လုပ်သားများမှာ ဘဏ်ချေး ငွေချေးယူဖူးသည့် ရာဇဝင်မရှိသည့်အပြင် ငွေရေးကြေးရေးဝန်ဆောင်မှုများနှင့်လည်း အလှမ်းကွာဝေးလျက်ရှိပါသည်။

**ငွေရေးကြေးရေးဆိုင်ရာ အသိအမြင်**

ငွေရေးကြေးရေးအသိအမြင် ဗဟုသုတနည်းပါးခြင်းသည် အရှေ့တောင်အာရှ နိုင်ငံများအတွင်း ငွေရေးကြေးရေး ဝန်ဆောင်မှု ရရှိနိုင်မှုအပေါ် အကျိုးသက်ရောက်စေနိုင်ပါသည်။ ဒေသတွင်း အရွယ်ရောက်ပြီး လူဦးရေ၏ ၃၀ ရာခိုင်နှုန်းမှာ ငွေရေးကြေးရေးအသိအမြင် ဗဟုသုတနည်းပါးသည်ကို တွေ့ရှိရပါသည်။

**ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်စေရေး မိုဘိုင်းတယ်လီဖုန်းများ၏အရေးပါမှု**

အရှေ့တောင်အာရှနိုင်ငံများရှိ လူဦးရေအများစုတွင် ဘဏ်စာရင်းထက် မိုဘိုင်းဖုန်းများ ပိုင်ဆိုင်ကြခြင်းသည် ဒေသတွင်း ငွေရေးကြေးရေး ပူးပေါင်းအစီအစဉ်တွင် ပါဝင်ရန်အတွက် အဓိကသော့ချက် ဖြစ်စေပါသည်။ ထိုမှတစ်ဆင့် မိုဘိုင်းဝေါလက်အနေဖြင့် အသုံးပြုနိုင်မည့်အပြင် QR စနစ်ဖြင့် ငွေပေးချေမှုအား အသုံးပြုနိုင်စေမည် ဖြစ်ပါသည်။

အရှေ့တောင်အာရှနိုင်ငံများတွင် လတ်တလော အသုံးပြုလျက်ရှိသည့် မိုဘိုင်းဝေါလက် အမည်များမှာ GrabPay,

GoPay, OVO, MoMo နှင့် PayFazz တို့ဖြစ်ပါသည်။ ၎င်းတို့အားကျော်၍ စားသုံးသူများအနေဖြင့် ဘဏ်စာရင်းမရှိသော်လည်း အွန်လိုင်းငွေပေးချေမှုများအား ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထို့ပြင် စားသုံးသူများနှင့် လုပ်ငန်းများအနေဖြင့် ဒီဂျစ်တယ် ဝေါလက်များသုံးစွဲခြင်းဖြင့် ငွေရေးကြေးရေး လုပ်ဆောင်ချက်များနှင့် စားသုံးသူများ၏ လတ်တလောကြိုက်နှစ်သက်မှု ဆိုင်ရာ အချက်အလက်များအားလည်း ရရှိစေနိုင်မည် ဖြစ်ပါသည်။

အီလက်ထရောနစ် ဝေါလက်ကဏ္ဍအတွင်းရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် စားသုံးသူများ၏ ကြိုက်နှစ်သက်မှု ကိုဦးစားပေးရန်မှာ အရေးကြီးပြီး စားသုံးသူများမှ ပြည်တွင်းငွေပေးချေမှုစနစ် သုံးစွဲလိုပါက သုံးစွဲရန်ခွင့်ပြုသင့်ပြီး မိုဘိုင်း ငွေပေးချေမှုဖြင့် ပေးချေလိုပါကလည်း ခွင့်ပြုပေးရမည် ဖြစ်ပါသည်။

**Peer-to-Peer (P2P) စနစ်ဖြင့် ငွေချေးခြင်း**

အရှေ့တောင်အာရှနိုင်ငံများရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းအများစု၏ လုပ်ငန်းစံနှုန်းပုံစံများမှာ ဘဏ်များနှင့် အခြားငွေရေးကြေးရေး အဖွဲ့အစည်းများမှ ဝန်ဆောင်မှုပေးနေသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရပါသည်။ ဥပမာအားဖြင့် ချေးငွေပြန်လည်ပေးဆပ်မည့် သက်တမ်းနှင့် ပေးဆပ်မည့်ပုံစံ၊ အပေါင်ပစ္စည်းပေးနိုင်မှု အခြေအနေ၊ ချေးငွေအရည်အသွေးဆိုင်ရာ ကန့်သတ်ချက်နှင့် အခြားတို့ဖြစ်ပါ သည်။

P2P စနစ်ဖြင့် ငွေချေးခြင်းဆိုသည်မှာ ဘဏ်စနစ်အား မရင်းနှီးသေးသောသူများနှင့် ဘဏ်စနစ်ရင်းနှီးပြီးသောသူများ အတွက် ဝန်ဆောင်မှုပေးနေသည့် ချေးငွေအမျိုးအစားတစ်မျိုး ဖြစ်ပါသည်။ အင်ဒိုနီးရှားနိုင်ငံတွင် အဆိုပါ ချေးငွေဝန်ဆောင်မှု ပေးရန် ငွေရေးကြေးရေး ကုမ္ပဏီပေါင်း (၁၆၀) ကျော်မှာ မှတ်ပုံတင်ထားပြီးဖြစ်ပြီး ၂၀၂၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇ ဘီလီယံကျော် ထိထုတ်ချေးပြီး ဖြစ်ပါသည်။ အဆိုပါ အသေးစားချေးငွေလုပ်ငန်းမှာ ပိုမိုလူသိများလာပြီး အမေရိကန် ဒေါ်လာ (၁၀၀) အောက် ပမာဏများအတွက် (၂၄)နာရီ မပြည့်မီ အချိန်တိုကာလအတွင်း ထုတ်ချေးပေးနိုင်ပါသည်။ ထို့ပြင် ချေးငွေကာလနှင့် သက်တမ်း စေ့ရောက်မည့် ကာလမှာနည်းပြီး ရက်သတ္တပတ်အနည်းငယ်အတွင်း ပြန်လည်ပေးဆပ်ရမည် ဖြစ်ပါသည်။

( ကေသွယ်ခိုင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)

Source:https://myantrade.gov.mm/article/%E1%80%A1%E1%80%84%E1%80%BA%E1%80%92%E1%80%AD%E1%80%AF%E1%80%94%E1%80%AE%E1%80%B8%E1%80%9B%E1%80%BE%E1%80%AC%E1%80%B8%E1%

## အီတလီနိုင်ငံတွင် စိုက်ပျိုးရေးနှင့် ဥယျာဉ်လုပ်ငန်းဆိုင်ရာ စက်ပစ္စည်းများပြပွဲ ကျင်းပ

အီတလီနိုင်ငံ ဘိုလော့ဂ်နာမြို့ (Bologna) တွင် ၁၉၆၉ ခုနှစ်မှစ၍ (၂) နှစ် တစ်ကြိမ်ကျင်းပသည့် နိုင်ငံတကာ စိုက်ပျိုးရေးနှင့် ဥယျာဉ်လုပ်ငန်းဆိုင်ရာ စက်ပစ္စည်းများပြပွဲ (International Exposition of Machinery for Agriculture and Gardening- EIMA International) ကို အီတလီ စိုက်ပျိုးရေးဆိုင်ရာ စက်ပစ္စည်းထုတ်လုပ်သူများ ဖက်ဒရေးရှင်း (Italian Agricultural Machinery Manufacturers Federation) က ဘိုလော့ဂ်နာ ပြပွဲများဌာန (Bologna Fiere) နှင့်ပူးပေါင်း၍ ဦးဆောင်ကျင်းပခြင်း ဖြစ်ပါသည်။

ပြပွဲတွင် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ မြေယာပြုပြင်ခြင်းနှင့် ထွန်ယက်စိုက်ပျိုးမှုပိုင်း အဆင့်မြင့် နည်းပညာနှင့် စက်ကိရိယာပစ္စည်းမော်ဒယ်မျိုးစုံကို နိုင်ငံများစွာက လာရောက်ခင်းကျင်းပြသကြလေ့ ရှိပါသည်။ EIMA International ကို ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ မဖြစ်ပွားမီ ၂၀၁၈ ခုနှစ်တွင် ကျင်းပခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပနိုင်ခြင်းမရှိဘဲ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် ပြန်လည်ကျင်းပခဲ့ရာ ပြပွဲပြသသည့် ကုမ္ပဏီပေါင်း (၁၃၆၄) ခုနှင့် လာရောက် လေ့လာကြည့်ရှုသူပေါင်း (၂၇၀၇၀၀) ဦး ရှိခဲ့ပါသည်။

ယခု ၂၀၂၂ ခုနှစ်အတွက် နိုဝင်ဘာလ ၉ ရက်နေ့မှ ၁၃ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပြီး ပြပွဲပြသသည့် ကုမ္ပဏီပေါင်း (၂၀၀၀) ခန့်နှင့် နိုင်ငံပေါင်း (၁၅၀) မှ လာရောက်လေ့လာကြည့်ရှုသူပေါင်း (၃၀၀,၀၀၀) ဦးခန့် စာရင်းရရှိထားပါသည်။ ပြပွဲတွင် လယ်ယာမြေဖော်ထုတ်ခြင်းနှင့် သစ်တောဆိုင်ရာ စက်ကိရိယာများ၊ အင်ဂျင်များ၊ ထွန်စက်များ၊ မြေဆီလွှာ

ထိန်းသိမ်းခြင်း၊ အပင်နှင့် သီးနှံကာကွယ်ရေး၊ ရေသွင်းစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းနှင့် မွေးမြူရေးလုပ်ငန်း စီမံဆောင်ရွက်မှုဆိုင်ရာ စက်ကိရိယာများ စသည်တို့ပါဝင်သည့် အဓိကလုပ်ငန်းကဏ္ဍ (၁၄) ခုအတွက် ပြသမှုများနှင့် Trade shows များ၊ ကွန်ဖရင့်များ၊ စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲများစွာ ပါဝင်ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ ထုတ်လုပ်တင်ပို့နေသော ကောင်းရန့်ကုမ္ပဏီသည် Italian Trade Agency (ITA) ၏ ဖိတ်ကြားစီစဉ်မှုအရ ပြပွဲကာလအတွင်း လာရောက်လေ့လာ၍ စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက် ဆွေးနွေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

(မြန်မာစီးပွားရေးသံမှူး၊ဘာလင်မြို့)

Source:https://www.eima.it/en/

https://myantrade.gov.mm/article/%E1%80%A1%E1%80%AE%E1%80%90%E1%80%9C%E1%80%AE%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%84%E1%80%B6%E1%80%90%E1%

## ပြည်ပသို့ တင်ပို့သည့် သို့မဟုတ် ပြည်ပမှ တင်သွင်းသည့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီတို့၏ အရည်အသွေး သတ်မှတ်သည့်အမိန့်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ပသို့ တင်ပို့သည့် သို့မဟုတ် ပြည်ပမှ တင်သွင်းသည့် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီတို့၏ အရည်အသွေးကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

| စဉ် | အရည်အသွေးစစ်ဆေးမှုများ (Parameters) | မြေပဲဆီ | နှမ်းဆီ | နေကြာဆီ | ပဲပုပ်ဆီ |
|---|---|---|---|---|---|
| (က) | Iodine Value (I.V) | 86-107 | 104-120 | 118-141 | 124-139 |
| (ခ) | Relative density (20˚C/water at 20 ˚C) | 0.909-0.920 | 0.915-0.924 | 0.918-0.923 | 0.919-0.925 |
| (ဂ) | Free Fatty Acid (F.F.A) | 2 % (max) | 2 % (max) | 0.1% (max) | 0.05% (max) |
| (ဃ) | Saponification value (mg KOH/g oil) | 187-196 | 186-195 | 188-194 | 189-195 |
| (င) | Unsaponification Matter | ≤ 10 | ≤ 20 | ≤ 15 | ≤ 15 |
| (စ) | Peroxide Value (P.V) meq O2/kg oil | < 5 | < 5 | 2 (စက်ရုံထွက်) < 5 (ဆိပ်ကမ်းရောက်) | 2 (စက်ရုံထွက်) < 5 (ဆိပ်ကမ်းရောက်) |
| (ဆ) | Rancidity | Negative | Negative | Negative | Negative |
| (ဇ) | Moisture and Volatile Matter (105˚C) | 0.1% (max) | 0.1% (max) | 0.1% (max) | 0.1% (max) |
| (ဈ) | Refractive – index (ND 40˚C) | 1.460-1.465 | 1.465-1.469 | 1.451-1.468 | 1.461-1.470 |
| (ည) | Insoluble Impurities | 0.05 % (max) | 0.05 % (max) | 0.05 % (max) | 0.05 % (max) |

Source: Ministry Of Commerce

# STOCK EXCHANGE (9.11.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 9th Nov. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | -100 | -1.09% | 9,200 | 9,200 | 9,100 | 648 | 5,900,800 | 33,109,694 | 301,298 |
| MTSH | 00002 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,350 | 210 | 703,500 | 38,929,150 | 130,413 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 21 | 163,800 | 10,400,986 | 81,128 |
| FPB | 00004 | 19,500 | -500 | -2.50% | 19,000 | 19,500 | 19,000 | 42 | 798,500 | 2,472,053 | 48,205 |
| TMH | 00005 | 2,700 | -50 | -1.82% | 2,700 | 2,700 | 2,700 | 110 | 297,000 | 12,823,224 | 34,623 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 19,977,223 | 53,939 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |


## Market summary

As of 9th Nov. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 402.99 | -2.98 | -0.73% | 405.97 | 405.97 | 402.28 | 1,031 | 7,863,600 | 7 | 701,044 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 9th Nov. 2022

| MYANPIX | 402.99 ▼ 2.98 |
|---|---|
| Total Volume (shares) | 1,031 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 701,044 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▼ 100 |
| MTSH | 00002 | 3,350 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 19,500 | ▼ 500 |
| TMH | 00005 | 2,700 | ▼ 50 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |